ငွေကုန်ကြေးကျများနေတဲ့ မိဘများ အတွက် အကူအညီ တစ်ခု

အခုချိန်က စပြီး စိတ်ပူစရာတစ်ခု လျော့လိုက်ပါ။ ကလေးသူငယ်များနဲ့ ဆယ်ကျော်သက်များ အတွက် Medicaid နဲ့ CHIP ခေါ် ကလေးကျန်းမာရေး အာမခံ ပရိုဂရမ် တို့ ပေါင်းပြီး အခမဲ့(သို့ မဟုတ်) စားရိတ်နည်း ကျန်းမာရေး အာမခံပေးနေပါပြီ။ ကလေးများအတွက် ကျန်းမာရေး စစ်ဆေးခြင်း၊ ကာကွယ်ဆေး ထိုးခြင်း၊ ဆရာဝန်နှင့် သွားဆေးခန်း များတွင် ကုသမှုခံယူခြင်း၊ ဆေးရုံတက်ရောက် ကုသခြင်း၊ စိတ်ကျန်းမာရေး အတွက် ကုသမှုခံယူခြင်း၊ ဆေးများဝယ်ယူခြင်း အပါဝင် တခြားသော ကျန်းမာရေးစောင့်ရှောက်မှုများပါဝင်သည်။ မိသားစုဝင် လေးဦးရှိပြီး တစ်နှစ်ဝင်ငွေ $ ၄၈၆၀၀ အထိ သို့ မဟုတ် ပိုသော ဝင်ငွေရှိသည့် မိသားစုမှ ကလေးများ ရနိုင်ပါသည်။

သင့်မိသားစုအတွက် အကာကွယ်ပေးမည့် စားရိတ်နည်း ကျန်းမာရေး အာမခံများအကြောင်း ပိုမိုသိရှိရန် **HealthCare.gov** သို့ မဟုတ် ဖုန်း **1-800-318-2596 (TTY: 1-855-889-4325)** ကိုဆက်သွယ်ပါ။

HealthCare.gov

CMS Product No. 11642-BU
June 2016